# 📖 myanRead

## အသုံးပြုနည်း လမ်းညွှန်

EPUB / PDF ဖတ်

အဘိဓာန် · ဘာသာပြန် · အသံဖတ်

myanread.z-app.uk

Test version — Develop လုပ်နေဆဲ ဖြစ်ပါသည်

## ၁။ စာအုပ်ထည့်နည်း

**၁** App ဖွင့်တာနဲ့ စာအုပ်နှစ်အုပ် ပါပြီးသား တွေ့ရပါမယ် — **Alice's Adventures in Wonderland** (EPUB၊ စမ်းဖတ်ရန်) နဲ့ **myanRead-Guide** (PDF၊ ဒီလမ်းညွှန်ပါပဲ)။




**၂** ကိုယ့်စာအုပ်ထည့်ချင်ရင် ညာအောက်ထောင့်က + ခလုတ်ကို နှိပ်ပါ။

## ၁။ စာအုပ်ထည့်နည်း (အဆက်)

၃ ဖိုင်ရွေးတဲ့ မျက်နှာပြင် ပေါ်လာပါမယ် —

EPUB/PDF ဖိုင်ရှိတဲ့နေရာ (ဥပမာ Download ဖိုလ်ဒါ) ကို သွားပြီး ဖိုင်ကို နှိပ်လိုက်ရုံပါပဲ။

> 💡 ဖိုင်ရွေးတဲ့ မျက်နှာပြင်ကနေ မရွေးတော့ဘဲ ပြန်ထွက်ချင်ရင် စက်ရဲ့ back ခလုတ် / back လက်ဟန်ကို သုံးပါ။

# ၂။ စာဖတ်နည်း

၁ **စာမျက်နှာလှန်ရန်** — မျက်နှာပြင်ရဲ့ ဘယ်ဘက်ခြမ်း/ညာဘက်ခြမ်းကို တစ်ချက်ထိပါ။ Volume ခလုတ်နဲ့လည်း လှန်လို့ရပါတယ်။

၂ **မီနူးပြရန်** — ညာဘက်အပေါ်ထောင့်က ⌄ အဝိုင်းလေးကို နှိပ်ပါ (ဒါမှမဟုတ် စာမျက်နှာအလယ်ကို တစ်ချက်ထိပါ)။




၃ မီနူးဘားထဲမှာ — မာတိကာ ≡၊ Bookmark ၊ ပြင်ဆင်ချက် ၊ ပြန်ဖျောက်ရန် ⌃ တို့ပါပါတယ်။

💡 PDF မှာ စာမျက်နှာက ဖန်သားပြင်ထက် သေးပြီး ဘေးမှာ အဖြူကွက် ကျန်နေရင် — **အဲဒီ အဖြူကွက်ကို ထိလည်း စာမျက်နှာ လှန်လို့ရပါတယ်။**

# ၃။ အဘိဓာန်ကြည့်နည်း

**၁** သိချင်တဲ့ စာလုံးကို **တစ်စက္ကန့်လောက် ဖိထားပါ** — အောက် (သို့) အပေါ်မှာ အဓိပ္ပာယ်ပြ အကွက် ချက်ချင်း ပေါ်လာပါမယ်။ အင်တာနက် မလိုပါဘူး။




**၂** အကွက်ရဲ့ အပေါ်ဘက်က 🔊 ခလုတ်နဲ့ **အသံထွက် နားထောင်လို့ရပါတယ်**။ ဖတ်နေစဉ် ခလုတ်က ⏸ ဖြစ်သွားပြီး၊ ထပ်နှိပ်ရင် ရပ်ပါတယ်။

> 💡 ပိတ်ရန် ✕ (သို့) စာမျက်နှာကို ထိပါ။ မတွေ့တဲ့စာလုံးဆို "ဘာသာပြန်" ခလုတ်နဲ့ ကြည့်လို့ရပါတယ်။

# ၄။ စာကြောင်း/စာပိုဒ် ဘာသာပြန်နည်း

၁ စာလုံးတစ်လုံးကို **ဖိထားပြီး လက်မလွှတ်ဘဲ ဆွဲပါ** — လိုချင်သလောက် စာသားကို ရွေးလို့ရပါတယ်။

၂ လက်လွှတ်လိုက်ရင် ပေါ်လာတဲ့အကွက်မှာ **"ဘာသာပြန်"** ကိုနှိပ်ပါ — အကွက်ထဲမှာပဲ ဘာသာပြန်ပြပါမယ် (အင်တာနက် လိုပါတယ်)။




၃ ဘာသာပြန်ရဲ့ ဘေးက 🔊 နဲ့ **ဘာသာပြန်ကို အသံနဲ့ ဖတ်ပြခိုင်းလို့ရပါတယ်**။

> 💡 **ဘယ်ဘာသာစကားသို့ ပြန်မလဲ** ⚙️ ထဲမှာ ရွေးလို့ရတယ် — မြန်မာ / ไทย / English။ မူရင်းဘာသာစကားကို ရွေးစရာမလိုပါ — မြန်မာစာ ရွေးပြီး အင်္ဂလိပ်လို ပြန်ခိုင်းလည်း ရပါတယ်။

## ၅။ ပြင်ဆင်ချက် — EPUB

မီနူးဘားက ⚙️ ကိုနှိပ်ရင် —

- **စာလုံးအရွယ်** ချိန်နိုင်တယ်
- **စာလုံးပုံစံ (font)** — Padauk၊ Noto Sans/Serif မြန်မာ အပါအဝင် ရွေးနိုင်တယ်
- **Scroll mode** — အပေါ်အောက် scroll နဲ့ဖတ်ချင်ရင်
- **E-ink mode** — Boox လို e-ink စက်တွေအတွက် အစွန်းပြတ်သားအောင်
- **နောက်ခံအရောင်** — အဖြူ / Sepia / အမည်း
- **ဘာသာပြန်** — ဘယ်ဘာသာစကားသို့ ပြန်မလဲ (မြန်မာ / ไทย / English)
- **အသံ** — အောက်မှာ ဆက်ရှင်းထားပါတယ်

## ၅၁။ အသံ (ဖတ်ပြခြင်း)

⚙️ ရဲ့ အောက်ဆုံးမှာ အသံဆိုင်ရာ ရွေးချယ်စရာတွေ ရှိပါတယ် —




• **စာလုံး (အဘိဓာန်)** နဲ့ **စာကြောင်းရှည်** အတွက် **သီးသန့်စီ** ရွေးရတယ် — အဘိဓာန်ကို ၁.၅× မြန်မြန်၊ စာကြောင်းရှည်ကို ပုံမှန်နှုန်း ထားလို့ရအောင်။
• **အင်္ဂလိပ်အသံ** — Andrew / Ava (အင်တာနက်လို၊ အသံပိုကောင်း) သို့ **စက်ထဲက အသံ** (အင်တာနက်မလို၊ ချက်ချင်းထွက်)
• **မြန်မာအသံ** — သီဟ / နီလာ · **ထိုင်းအသံ** — Niwat / Premwadee
• **အမြန်နှုန်း** — 0.75× မှ 2.0× အထိ
• **ရှာတိုင်း အသံ အလိုအလျောက် ဖတ်ရန်** — 🔊 မနှိပ်ဘဲ ရွေးလိုက်တာနဲ့ ဖတ်ပေးတယ်

> 💡 မြန်မာနဲ့ ထိုင်းအသံက **အင်တာနက် လိုအပ်ပါတယ်** — စက်ထဲမှာ အဲဒီဘာသာစကားအသံ မပါလို့ပါ။ အင်္ဂလိပ်ကတော့ အင်တာနက်မရှိရင် စက်ထဲက အသံနဲ့ ဆက်ဖတ်ပေးပါတယ်။

# ၆။ ပြင်ဆင်ချက် — PDF




• **Reflow** — စာသားကိုပဲ ထုတ်ပြီး ဖန်သားပြင်အံဝင်အောင် ပြန်စီပေးတယ်။ စာလုံးအရွယ်နဲ့ နောက်ခံအရောင်လည်း ချိန်လို့ရတယ်။
(သင်္ချာပုံသေနည်း/ဇယား များတဲ့ စာအုပ်တွေမှာတော့ ပုံပျက်တတ်လို့ ပိတ်ထားတာ ပိုကောင်းပါတယ်)

• **စာမျက်နှာ အကျယ်လိုက် (fit width)** — အောက်မှာ ဆက်ရှင်းထားပါတယ်

• **E-ink mode · Volume ခလုတ်နဲ့ စာမျက်နှာလှန်**

## ၇။ PDF ကို အလျားလိုက် ဖတ်နည်း

၁ စက်ကို **အလျားလိုက် (landscape)** လှည့်လိုက်ပါ။

၂ စာမျက်နှာအလယ်ကို **နှစ်ချက်ဆက်တိုက် ထိပါ** — စာမျက်နှာက ဖန်သားပြင် **အကျယ်အတိုင်း** ကြီးသွားပြီး၊ အပေါ်အောက် scroll ဆွဲပြီး ဖတ်ရပါမယ်။ စာလုံးတွေ အများကြီး ကြီးသွားပါလိမ့်မယ်။

၃ နောက်တစ်ချက် ထပ်နှစ်ချက်ထိရင် စာမျက်နှာအပြည့် (မူလ) ပုံစံ ပြန်ရောက်ပါတယ်။ ⚙️ ထဲက switch နဲ့လည်း ဖွင့်/ပိတ် လုပ်လို့ရပါတယ်။

> 💡 လက်နှစ်ချောင်းနဲ့ ဆွဲချဲ့ (pinch zoom) လည်း ရပါတယ်။ ချဲ့ထားပြီး ပြန်ချုံ့ချင်ရင် **စာမျက်နှာအလယ်ကို တစ်ချက်ထိ**လိုက်ရုံပါပဲ။

## ၈။ Highlight နဲ့ Bookmark

၁ စာသားရွေးပြီး ပေါ်လာတဲ့အကွက်မှာ **"Highlight"** ကိုနှိပ်ရင် အဲဒီစာသားကို **အဝါရောင်** နဲ့ အမြဲမှတ်ထားပေးပါမယ်။

၂ မီနူးဘားက **ခလုတ်** နဲ့ ဖတ်နေတဲ့နေရာကို Bookmark မှတ်နိုင်ပါတယ်။

၃ မီနူးဘားက ≡ **ခလုတ်** ထဲမှာ မာတိကာ / Highlight / Bookmark tab တွေရှိပြီး — နှိပ်ရင် အဲဒီနေရာကို ပြန်သွားပေးတယ်၊ နဲ့ ဖျက်လို့ရတယ်။



## ၉။ Version အသစ် ရယူနည်း

၁ Version အသစ်ထွက်ရင် — app ဖွင့်လိုက်တာနဲ့ စာအုပ်စင်အပေါ်မှာ **အကြောင်းကြားစာ** အလိုအလျောက် ပေါ်လာပါမယ်။




၂ **"Download"** ကိုနှိပ်ပါ — browser ပွင့်ပြီး APK ဆွဲပေးပါလိမ့်မယ်။ ဆွဲပြီးရင် အဲဒီဖိုင်ကို နှိပ်ပြီး သွင်းလိုက်ရုံပါပဲ (အဟောင်းကို ဖျက်စရာ မလိုပါ — စာအုပ်တွေ၊ မှတ်စုတွေ ပျောက်မှာ မဟုတ်ပါ)။

၃ အခုမလိုချင်သေးရင် ✕ နဲ့ ပိတ်ထားလို့ရပါတယ်။

> 💡 လက်နဲ့ ရိုက်ချင်ရင် — **myanread.z-app.uk/download** (နောက်ဆုံး version ကို အမြဲပေးတယ်)။ myanRead ရဲ့ တခြား app တွေကို **myanread.z-app.uk** မှာ တွေ့ပါမယ် — ⚙️ အောက်ခြေမှာလည်း link ပါတယ်။

## ၁၀။ အခက်အခဲတွေ့ရင် Feedback ပို့ပါ

၁ စာအုပ်စင်ရဲ့ ညာဘက်အပေါ်ထောင့်က 💬 ခလုတ်ကို နှိပ်ပါ။

၂ တွေ့တဲ့ပြဿနာ (သို့) အကြံပြုချက်ကို ရေးပြီး **"ပို့မည်"** နှိပ်ရုံပါပဲ — develop လုပ်နေသူဆီ တိုက်ရိုက်ရောက်ပါတယ်။




> ⏳ ဒီ test version ကို သတ်မှတ်ရက်အထိသာ သုံးနိုင်ပါတယ် — စာအုပ်စင်အောက်ခြေမှာ နေ့စွဲပြထားပါတယ်။ ရက်စေ့ရင် version အသစ် ထပ်ပေးပါမယ်။ စမ်းသုံးပေးတာ ကျေးဇူးအများကြီးတင်ပါတယ် 🙏